တောင်ခြေကျေးရွာ
ကျောက်တိုင်ကျေးရွာအုပ်စု၊ ညောင်ရွှေမြို့နယ်

၂၀၂၃ - ၂၀၂၄ခု ဘဏ္ဍာရေးနှစ်
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)



ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ
တောင်ခြေကျေးရွာ၊ ကျောက်တိုင်ကျေးရွာအုပ်စု၊ ညောင်ရွှေမြို့နယ်
(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၃
	ကျေးရွာ သယံဇာတပြမြေပုံ၊	၄
	ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်၊	၅
	ကျေးရွာတွင်းနှင့်ကျေးရွာ ပြင်ပအဖွဲ့အစည်းများဆက်စပ်မှုပြပုံ၊	၆
အပိုင်း (က)ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ		
၁။	တည်နေရာနှင့် ပထဝီဝင် အနေအထား	၇
၂။	ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ	၇
၃။	လူဦးရေဆိုင်ရာ အချက်အလက်များ	၇
၄။	ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ	၇
၅။	စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ	
	(က) သီးနှံ စိုက်ပျိုးရေးဇယား	၇-၈
	(ခ) မွေးမြူရေးလုပ်ငန်း	၈
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	၈
	(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	၈
၆။	အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ	
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၉
	(ခ) ကျေးရွာ မီးလင်းရေး	၉
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၉
၇။	ပညာရေး	၉
၈။	ကျန်းမာရေး	၉
၉။	ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	၉
၁၀။	ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ	၁၀
၁၁။	ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး	၁၀
၁၂။	ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး	၁၀
၁၃။	ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ	၁၁
	အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်	
	စီမံချက် အဆိုပြုလွှာ (၁)	၁၂-၁၃
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၁၄
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၁၅-၁၂
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၁၃-၁၅

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၃-၂၀၂၄ခု ဘဏ္ဍာရေးနှစ်မှ ၂၀၂၇-၂၀၂၈ခု ဘဏ္ဍာရေးနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက်လိုအပ်သော နည်းပညာများပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင် ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစုနှစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံ သာမက နည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံ သာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သော နေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယားစသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။


တောင်ခြေကျေးရွာ သယံဇာတပြမြေပုံ၊ ညောင်ရွှေမြို့နယ်



တောင်ခြေကျေးရွာ ရာသီခွင်ပြ ပြကွဒိန်၊ ညောင်ရွှေမြို့နယ်



တောင်ခြေကျေးရွာ ကျေးရွာတွင်းနှင့် ကျေးရွာပြင်ပ ဆက်စပ်မှုပြပုံ၊ ညောင်ရွှေမြို့နယ်



အပိုင်း (က)
ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်
ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

တောင်ခြေကျေးရွာသည် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောခရိုင်၊ ညောင်ရွှေမြို့နယ် ကျောက်တိုင်ကျေးရွာအုပ်စုတွင် တည်ရှိပါသည်။ ညောင်ရွှေမြို့၏ တောင်ဘက်(၂၃)မိုင်အကွာတွင် တည်ရှိပါသည်။ကျေးရွာ၏ မြောက်ဘက်တွင် လွယ်ခေါ်ကျေးရွာ၊ တောင်ဘက်တွင် ကျွန်းတောင်ကျေးရွာ၊ အနောက်ဘက်တွင် နန်းအွန်ကျေးရွာနှင့်အရှေ့ဘက်တွင် ကန်တော်ကျေးရွာ စသည်တို့နှင့် ထိစပ်၍ တည်ရှိနေပါသည်။ ကျေးရွာတွင် ပအိုဝ်;လူမျိုးများနေထိုင်ကြပြီး ဗုဒ္ဓဘာသာကို ကိုးကွယ်ယုံကြည်ကြပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

တောင်ခြေကျေးရွာ၏ ရာသီဥတုမှာ အေးမြစွတ်စိုသော ရာသီဥတုဖြစ်ပါသည်။ စိုက်ပျိုးနိုင်သောမြေဧရိယာမှာ လယ်မြေ (၈၈.၅)ဧက၊ ယာမြေ(၃၁၀.၅)ဧက စုစုပေါင်းစိုက်ပျိုးနိုင်သည့်မြေနေရာဧကမှာ (၃၉၉)ဧကရှိပါသည်။ မြေဆီလွှာအရည်အသွေး အသင့်အတင့်ကောင်းမွန်ပါသဖြင့် ခါတ်မြေဩအတင့်အသင့်သုံးစွဲ၍ စိုက်ပျိုးနိုင်ပါသည်။ကျေးရွာတွင် ခါတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ ရှာဖွေတွေ့ရှိခြင်း မရှိပါ။ သဘာဝအပင်မျိုးစိတ်နှင့်မြေပေါ်ရေ၊ သစ်တော အနည်းငယ်တွေ့ရှိရသော်လည်း အသုံးချရန် ခက်ခဲပါသည်။

၃။ လူဦးရေဆိုင်ရာ အချက်အလက်များ

တောင်ခြေကျေးရွာတွင် အိမ်ခြေ(၁၁၄)အိမ်၊ အိမ်ထောင်စု(၁၂၉)စု၊ လူဦးရေပေါင်း (၅၃၀)ဦး ရှိသည်။ အိမ်ခြေနှင့် လူဦးရေ အချိုးညီမျှသည်ဟု ယူဆပါသည်။ ကျေးရွာတွင် (၁၄)နှစ်အောက်ကလေးအသင့်အတင့်ရှိပြီး (၆၅)နှစ်နှင့်အထက် သက်ကြီးရွယ်အိုများ စုစုပေါင်း (၁၂)ဦး ရှိပါသည်။ ကျေးရွာရှိ လူဦးရေ၏ (၇၆)ရာခိုင်နှုန်းမှာ အလုပ်လုပ်နိုင်သည့်အရွယ်ဖြစ်သောကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းပါဝင်နိုင်မှုအားကောင်းသောကျေးရွာ ဖြစ်ပါသည်။

၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

တောင်ခြေကျေးရွာတွင် ဖွံ့ဖြိုးရေးအတွက် ကျေးရွာရှိ ရာအိမ်မှူးမှ ဦးဆောင်၍ ကျေးရွာတွင်းရှိ အဖွဲ့အစည်း/ကော်မတီအသီးသီးမှ ပိုင်းဝန်းဆောင်ရွက်ကြပါသည်။ ကျေးရွာပြင်ပအဖွဲ့အစည်းများအနေဖြင့် ဂျပန်စိုက်ပျိုးရေးစင်တာချေးငွေအဖွဲ့(၁)ဖွဲ့သာ ချေးငွေထုတ်ချေးပေးခြင်း ဝင်ရောက်ဆောင်ရွက်မှုရှိပါသည်။

၅။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံစိုက်ပျိုးရေး ဧယာ:

တောင်ခြေကျေးရွာတွင် လယ်မြေများကို စပါးအဓိကစိုက်ပျိုးကြပြီး ယာခြံများကို ပြောင်းကို စိုက်ပျိုးကြပါသည်။ စပါးများရိတ်သိမ်းပြီးပါက ကြက်သွန်ဖြူစိုက်ပျိုးလေ့ရှိပါသည်။ သီးနှံများကို စိုက်ပျိုးရေးလုပ်ငန်းဖြင့် အဓိကအသက်မွေးဝမ်းကျောင်းပြုကြသဖြင့် အခြားဝင်ငွေရလုပ်ငန်း လုပ်ကိုင်သူများ မရှိပါ။သီးနှံများကို ဇွန်လမှစ၍ စိုက်ပျိုးကြပြီး မတ်လအထိ သီးနှံများကို ရိတ်သိမ်းလေ့ရှိပါသည်။

စိုက်ပျိုးမြေများသည် ကျေးရွာအနီးပတ်ဝန်းကျင်တွင်သာရှိသဖြင့် နှစ်စဉ်ပြုပြင်၍ စိုက်ပျိုးကြပါသည်။စိုက်ပျိုးမြေအား အသုံးချ၍ရနိုင်သည့် အတိုင်းအတာအထိ စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ ကျေးရွာရှိအိမ်ထောင်စု(၁၂၈)စုသည် စိုက်ပျိုးမြေအနည်းငယ်စီပိုင်ဆိုင်ကြပြီး အိမ်ထောင်စု(၁)ခုသည် မြေယာမဲ့အိမ်ထောင်စု ဖြစ်ပါသည်။ စိုက်ပျိုးမြေထပ်မံတိုးချဲ့ရန် ခက်ခဲပါသည်။

စိုက်ပျိုးရေရရှိရန် မိုး/ချောင်းရေကို အဓိကအားထား၍ စိုက်ပျိုးကြပါသည်။ သီးနှံများသည် ပုံမှန်အားဖြင့် ရာသီဥတုအခြေအနေ မှန်ကန်မှုအပေါ်မူတည်၍ အထွက်နှုန်းကောင်းသည့် နှစ်ရှိသကဲ့သို့ တစ်ခါတစ်ရံ ဆုံးရှုံးမှုများ ဖြစ်ပေါ်တတ်ပါသည်။

ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းဖြင့် အဓိကအသက်မွေးဝမ်းကျောင်းပြုကြသဖြင့် ခေတ်မီစက်ကိရိယာများ အတင့်အသင့်ပိုင်ဆိုင်ပါသည်။ ဆင်းရဲသောတောင်သူများသည် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ပါက ကျေးရွာတွင်းရှိနှင့် နီးစပ်ရာကျေးရွာရှိ စက်များငှါးရမ်း၍ စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ လယ်မြေများတွင် သဘာဝမြေဩဇာများကို အနည်းငယ်သာ သုံးစွဲနိုင်ပြီး ဓါတ်မြေဩဇာများကို အသင့်အတင့်အသုံးပြုကြရပါသည်။ ဓါတ်မြေဩဇာများကို နန်းပန်စျေး/မြို့ရှိ စိုက်ပျိုးရေးအရောင်းဆိုင်တွင် ဝယ်ယူရရှိနိုင်သည်။ ထွက်ကုန်များကို အနီးဆုံးဖြစ်သော နန်းပန်စျေးတွင်လည်းကောင်း၊ နန်းပန်မြို့တွင်လည်းကောင်း ရောင်းချနိုင်သည်။ ဆေးဆိုင်များမှ ရောင်းချသည့် ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများကိုသာ အသုံးပြုကြသည်။ ပိုးသတ်ဆေးသုံး၍ မိမိတို့၏စိုက်ခင်းများကို ကာကွယ်ကြောင်း တွေ့ရပါသည်။ အချို့နှစ်တွင် ပိုးကျရောက်မှုများခြင်းနှင့် ရာသီဥတုမမှန်ခြင်းတို့ကြောင့် သီးနှံအထွက်နှုန်းနည်းပါသည်။ ကျေးရွာရှိ တောင်သူများသည် ငွေကြေးအခက်အခဲဖြစ်ပေါ်ပါက ဆွေမျိုးများထံ၌သာ အချို့အတိုးဖြင့်၊ အချို့အတိုးမဲ့ဖြင့် ချေးငွေများချေးယူ၍ အခက်အခဲများ ဖြေရှင်းကြရပါသည်။ သီးနှံပေါ်ချိန်တွင် ပြန်လည်ပေးဆပ် ကြပါသည်။ အချို့နှစ် များတွင် အလုပ်အကိုင်ရှားပါးခြင်းနှင့် သီးနှံအရှုံးပေါ်ခြင်းဖြစ်ပေါ်ပါက ပေးဆပ်ရန် ခက်ခဲကြပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကအသက်မွေးဝမ်းကျောင်းပြုကြသဖြင့် မွေးမြူရေးလုပ်ငန်းအား စီးပွားဖြစ် လုပ်ကိုင်သူများ မရှိပါ။စားသုံးရန်အတွက် ကြက်၊ ဝက် အနည်းငယ် မွေးမြူထားသည်ကို တွေ့ရှိရပါသည်။ စားကျက်မြေအနည်းငယ်ရှိသော်လည်း နည်းပညာလက်လှမ်းမီမှုအားနည်းခြင်းကြောင့် မွေးမြူရေးလုပ်ကိုင်သူ မရှိပါ။ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်နိုင်ရန်အတွက် နည်းပညာဝန်ဆောင်မှုများ၊ မျိုးကောင်းမျိုးသန့်များရရှိရန် လိုအပ်ပါသည်။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ချိတ်ဆက်မှုလည်း အားနည်းပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျွန်ုပ်တို့ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကအသက်မွေးဝမ်းကျောင်းပြုကြပြီး အခြားဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူများ မရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် သက်/မွေးသင်တန်းများဖြစ်သည့် ကျေးရွာနှင့်အပ်စပ်သည့် အပ်ချုပ်၊ ဝပ်ရှော့၊ အိမ်တွင်းမှုလုပ်ငန်းကဲ့သို့သော သင်တန်းများဖွင့်လှစ်ပေးရန်နှင့် အတိုးနည်းရန်ပုံငွေစီမံကိန်းများ မတည်ပေးရန် လိုအပ်လျက် ရှိပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာရှိ တောင်သူများသည် ငွေကြေးအခက်အခဲများဖြစ်ပေါ်ပါက ဂျပန်စိုက်ပျိုးရေးစင်တာချေးငွေအဖွဲ့ထံတွင်လည်းကောင်း၊ ကျေးရွာတွင်းရှိ ငွေတိုးချေးသူများထံတွင်လည်းကောင်း ချေးငွေများချေးယူကြပါသည်။ ဆင်းရဲသောတောင်သူများသည် ဆွေမျိုးများထံ၌သာ ပမာဏအနည်းငယ် ချေးယူ၍

အခက်အခဲကို ဖြေရှင်းကြရပါသည်။ ငွေကြေးနှင့်ဘဏ်ဝန်ဆောင်မှုအား လက်လှမ်းမီမှု အားနည်းကြပါသည်။

၆။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျွန်ုပ်တို့ကျေးရွာတွင် ဆိုင်ကယ်အများဆုံးပိုင်ဆိုင်ပြီး ကား၊ ထွေလာဂျီအနည်းငယ် ရှိပါသည်။ ကျေးရွာတွင်းလမ်းနှင့်ကုန်ထတ်လမ်းများသည် မြေသားလမ်းများဖြစ်သဖြင့် မိုးရာသီတွင် သွားလာရန် ခက်ခဲသောကျေးရွာ ဖြစ်ပါသည်။ ကျေးရွာသည် ညောင်ရွှေ-မှော်ဘီကတ္တရာလမ်းပေါ်တွင် တည်ရှိသဖြင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သောကျေးရွာ ဖြစ်ပါသည်။ ကျေးရွာတွင်းလမ်းများအား အဆင့်မြင့်တင်ပေးရန်နှင့် သီးနှံထွက်ကုန်များအား သယ်ယူပို့ ဆောင်ရာတွင် ကုန်ကျစရိတ်သက်သာစေရန်အတွက် ကုန်ထုတ်လမ်းများဖောက်လုပ်ပေးရန်လည်း လိုအပ်ပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာတွင် မဟာဓါတ်အားလိုင်းမရောက်ရှိသေးသဖြင့် အိမ်ထောင်စု(၁၂၉)စုလုံးသည် ဆိုလာမီးကိုသာ အသုံးပြုကြသဖြင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် အနည်းငယ်နှောင့်နှေးလျက်ရှိပါသည်။ လျှပ်စစ်မီးသွယ်တန်းပေးရန် လိုအပ်လျက် ရှိပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် ဖုန်းလိုင်းကောင်းပြီး အင်တာနက်လိုင်းရှိသဖြင့် သတင်းနှင့် ဆက်သွယ်ရေးကဏ္ဍတွင် လက်လှမ်းမီမှုရှိပါသည်။ သတင်းအချက်အလက်များကို အချိန်နှင့်တပြေးညီ ရရှိနိုင်သဖြင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုစေပါသည်။

၇။ ပညာရေး

ကျေးရွာတွင် မူလွန်တန်းကျောင်းသာရှိသဖြင့် မူလွန်အဆင့်ပညာတတ်မြောက်ပြီးလျှင် မိဘလုပ်ငန်း နှင့် ဝင်ငွေရအလုပ် ဝင်ရောက်လုပ်ကိုင်ကြသူများ အသင့်အတင့် ရှိပါသည်။ ကျေးရွာတွင် အလယ်တန်းနှင့်အထက်တန်း နီးစပ်ရာကျေးရွာ/မြို့တို့တွင် သွားရောက်ပညာသင်ကြားကြရပါသည်။ ငွေကြေးတတ်နိုင်သူများသာ မိမိတို့၏ သား/သမီးများကို အခြားကျေးရွာ/မြို့တို့တွင်ထား၍ ဆက်လက်သင်ကြားစေပါသည်။ သို့ဖြစ်ပါ၍ အထက်အဆင့်ထိကျောင်းပြီးသူဦးရေနည်းပါးပြီး တက္ကသိုလ် အဆင့်ထိတက်ရောက်ပြီးသူများ(၈)ဦးသာ ရှိပါသည်။

၈။ ကျန်းမာရေး

ကျေးရွာတွင် ရာသီအကူးအပြောင်းများတွင် ဝမ်းပျက်ဝမ်းလျော၊ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားခြင်း အဖြစ်များပြီး သွေးတိုး၊ ဆီးချိုရောဂါ အနည်းငယ်ဖြစ်ပွားမှု ရှိပါသည်။ ဆေးရုံ/ဆေးခန်းနှင့်အလှမ်းမဝေးသဖြင့် ဆေးဝါးကုသမှု လက်လှမ်းမီမှု ရှိပါသည်။ လွန်ခဲ့သော (၁၂)လတွင် ကျေးရွာ၌ ကျန်းမာရေးဌာနမှ ကိုဗစ်စုပေါင်းကာကွယ်ဆေးထိုးနှံပေးခြင်းနှင့် ဝက်သက်နှင့် မေးခိုင်ကာကွယ်ဆေးထိုးနှံခြင်းမှအပ အခြားကာကွယ်ဆေးများ လာရောက်ထိုးနှံပေးခြင်း မရှိပါ။

၉။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင် လူဦးရေတိုးပွားလာသဖြင့် သဘာဝအပင်/ သစ်တောများ ပြုန်းတီးနည်းပါးလာခြင်းသဖြင့် ဘေးအန္တရာယ်အနည်းငယ်ကြုံတွေ့လာရပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုအနေဖြင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုစနစ် ကျင့်သုံးမှုအားနည်းသေးသဖြင့် အမှိုက်နှင့်ပတ်သက်၍ အန္တရာယ်ကြုံတွေ့ဖွယ် အနည်းငယ်ရှိပါသည်။

၁၀။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာတွင် အမျိုးသမီးများသည် စီမံအုပ်ချုပ်ရေးစနစ်တွင်ပါဝင်မှုမရှိသော်လည်း ဖွံ့ဖြိုးရေး လုပ်ငန်းများတွင်တက်ကြွစွာ ပူးပေါင်းပါဝင်ကြပါသည်။ အမျိုးသမီးများနှင့် အမျိုးသားများ၏ နေ့စား လုပ်အားခရရှိမှုသည် အနည်းငယ်ကွာဟမှုရှိသော်လည်း သင်တန်းများ၊ သတင်းအချက်အလက်များနှင့် ငွေကြေးလက်လှမ်းမီမှုတို့တွင် အမျိုးသမီးများသည် အမျိုးသားနှင့်တန်းတူ အခွင့်အလမ်းရရှိပါသည်။

၁၁။ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

လူငယ်များအတွက် ဘာသာရေးပွဲအပြင် နှစ်စဉ် ဘောလုံး၊ ဘောလီဘောပြိုင်ပွဲများကျင်းပပေးခြင်း ရှိပါသည်။ ကျေးရွာသည် စည်းလုံးညီညွတ်သောကြောင့် သာရေး၊ နာရေးများ၊ ပွဲတော်များ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လူငယ်များသည် တက်ကြွစွာပါဝင်လုပ်ဆောင်ကြပါသည်။ လူငယ်များသည် ကျေးရွာ၌ အားကစားကွင်းမရှိခြင်း၊ စာကြည့်တိုက်/ခန်းမဆောင်မရှိခြင်းတို့ကြောင့် အားကစားရေးရာနှင့် အသိပညာများကိုယ်တိုင်လေ့လာခြင်းနှင့် စူးစမ်းရှာဖွေခြင်းတို့တွင် အားနည်း ကြပါသည်။

၁၂။ ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး

ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ချရေးအစီအစဉ်များနှင့် အဖွဲ့များဖွဲ့စည်းထားခြင်း မရှိပါ။ ကျေးရွာသည် တရားဥပဒေစိုးမိုးပြီး စည်းလုံးညီညွတ်သော ကျေးရွာဖြစ်သဖြင့် မူခင်းဖြစ်ပွားမှုများ မရှိပါ။

၁၃။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

စဉ်	စီမံချက် (Project)	ဦးစားပေး အဆင့်	၂၀၂၃-၂၀၂၄	၂၀၂၄-၂၀၂၅	၂၀၂၅-၂၀၂၆	၂၀၂၆-၂၀၂၇	၂၀၂၇-၂၀၂၈
၁	ဂါလံ(၅၀၀)ဆံ့ရေကန်တည်ဆောက်ခြင်း၊ အင်ဂျင်၊ ပန့်၊ ရေပိုက်နှင့် ဆက်စပ်ပစ္စည်းဝယ်ယူခြင်းနှင့် ဆိုလာသုံးရေသန့်စက်ဝယ်ယူတပ်ဆင်ခြင်း	၁	✓				
၂	မဟာဓါတ်အားလိုင်း လျှပ်စစ်သွယ်တန်းခြင်း(11KvA ၃၀၀၀')	၂		✓			
၃	မြစိမ်းရောင်အတိုးနည်းချေးငွေမတည်ပေးခြင်း(၁ ယူနစ်)	၃		✓			
၄	ကျေးရွာတွင်းအမှိုက်ပုံးများထောက်ပံ့ပေးခြင်း(ဖိုက်ဘာ ၁၀ လုံး)	၄		✓			
၅	ပညာရေးဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်း(၉၀'×၁၅'×၁၂')	၅			✓		
၆	ဆေးပေးခန်းတည်ဆောက်ခြင်း(၃၀'×၂၀'×၁၂')	၆			✓		
၇	မျိုးကောင်းမျိုးသန့်ဖြန့်ဝေပေးခြင်း(ပြောင်း(၁၀၀၀)ထုပ်၊ စပါး(၁၀၀)ထုပ်)	၇			✓		
၈	စာသင်ကျောင်းဆောင်သစ်တည်ဆောက်ခြင်း(၉၀'×၂၅'×၁၂')	၈				✓	
၉	ကျေးရွာအဝင်လမ်းကတ္တရာ(သို့)ကွန်ကရစ်ခင်းခြင်း(၁၆၀၅'×၁၂')	၉				✓	
၁၀	စိုက်ပျိုးရေးဆိုင်ရာအသိပညာပေးသင်တန်းဖွင့်လှစ်ပေးခြင်း(၁ကြိမ်)	၁၀				✓	
၁၁	ကျေးရွာတွင်းလမ်းသဲဖြန်းခင်းခြင်း(၄၉၈၁'×၁၂'×၆")	၁၁					✓
	အခြေခံအပ်ချုပ်စက်သင်တန်းဖွင့်လှစ်ပေးခြင်း(၁ကြိမ်)	၁၂					✓
	မွေးမြူရေးဆိုင်ရာအသိပညာပေးသင်တန်းဖွင့်လှစ်ခြင်း(၁ကြိမ်)	၁၃					✓
	စာကြည့်တိုက်တည်ဆောက်ခြင်း(၃၀'×၂၀'×၁၂')	၁၄					✓
	အားကစားကွင်းဆောင်ရွက်ပေးခြင်း(၃၀၀'×၃၀၀')	၁၅					✓

အပိုင်း (ခ)

စီမံချက်ဆိုင်ရာ အချက်အလက်များ

စီမံချက်အဆိုပြုလွှာ(သို့) စီမံချက်အကြောင်းအရာ (Project Profile)

ကျေးရွာ	- တောင်ခြေကျေးရွာ
ကျေးရွာအုပ်စု	- ကျောက်တိုင်ကျေးရွာအုပ်စု
မြို့နယ်	- ညောင်လေးမြို့နယ်
တိုင်း/ပြည်နယ်	- ရှမ်းပြည်နယ်(တောင်ပိုင်း)

စီမံချက်အမည် **- ဂါလံ(၅၀၀၀)ဆံ့ရေကန်တည်ဆောက်ခြင်း၊ အင်ဂျင်၊ ပန့်၊ ရေပိုက်နှင့် ဆက်စပ်ပစ္စည်းများ၊ ဆိုလာစနစ်သုံးရေသန့်စက်ဝယ်ယူခြင်းလုပ်ငန်း(၁၅'×၁၀'×၆' ၊ 22hp ပစ်စတင်ပန့်(၁)ခု၊ ဆိုလာရေသန့်စက်(၁)စုံ၊ 2", 1.5"ØPVC(၃၀၅)လုံး)**

စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ

တောင်ခြေကျေးရွာတွင် သောက်သုံးရေရှားပါးသောကျေးရွာဖြစ်သဖြင့် သောက်သုံးရေဖူလုံစွာ ရရှိလာစေရန်နှင့် သန့်ရှင်းသောရေ အသုံးပြုလာနိုင်စေရန်အတွက် ရွာလယ်ရှိ စက်ရေတွင်းမှ စာသင်ကျောင်းသို့ အမြင့်တင်ခြင်းဆောင်ရွက်ပြီး ရေစုကန်မှတဆင့် ကျေးရွာတွင်းသို့ ရေများဖြန့်ဝေနိုင်ရေး ရေလှောင်ကန်(၁)လုံးတည်ဆောက်ရန်နှင့် အင်ဂျင်၊ ပန့်၊ ရေပိုက်နှင့်ဆက်စပ်ပစ္စည်းဝယ်ယူနိုင်ရန်အတွက် ဤစီမံကိန်းဆောင်ရွက်လိုခြင်း ဖြစ်ပါသည်။

စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)

ကျေးရွာသူ/သားများ၊ ကျောင်းသား/ကျောင်းသူများ သန့်ရှင်းသော သောက်သုံးရေဖူလုံစွာ ရရှိလာစေရန် ရည်ရွယ်ပါသည်။

မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက်ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)

သောက်သုံးရေများ နွေ၊ မိုး၊ ဆောင်း ဖူလုံလာမည့်အပြင် ကျန်းမာသန့်ရှင်းရေးအတွက်လည်း အထောက်အကူပြုလာစေမည်ဖြစ်ပါသည်။

စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏ လုပ်ရမည်)

ရေကန်တည်ဆောက်ခြင်းနှင့် အင်ဂျင်၊ ပန့်၊ ဆိုလာစနစ်သုံးရေသန့်စက်၊ ရေပိုက်နှင့် ဆက်စပ်ပစ္စည်းများဝယ်ယူခြင်းလုပ်ငန်းအား ခန့်မှန်းကုန်ကျငွေကျပ် (၁၈၉၃၀၀၀၀/)ဖြင့် ပြီးစီးအောင်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု	
ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	**ထည့်ဝင်မည့် အစီအစဉ်**
• ၁၅၀၀၀၀၀၀/-(ငွေသား) • - /-(ငွေသား) • ၃၉၃၀၀၀၀/-(ပစ္စည်း/လုပ်အား)	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ

အကျိုးခံစားသူဦးရေ	**လူဦးရေ**			**ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)**				
	ကျား	**မ**	**ပေါင်း**	**၁**	**၂**	**၃**	**၄**	**ပေါင်း**
ကျေးရွာအဆင့်	၂၆၆	၂၆၄	၅၃၀	၂၁	၂၇	၈၀	၁	၁၂၉
အကျိုးခံစားမည့်သူ ဦးရေ	၂၆၆	၂၆၄	၅၃၀	-	-	-	-	-
မှတ်ချက်။ ချောင်လည်အဆင့် - ၁ ၊ အလယ်အလတ်အဆင့် -၂၊ ဆင်းရဲ-၃၊ အလွန်ဆင်းရဲ - ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)

- ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ
- ကျေးရွာလူထု
- ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(၂) စီမံချက်စတင်မည့် အချိန်ခန့်မှန်း - (၇.၈.၂၀၂၃)

(၃) စီမံချက် ပြီးစီးမည့် အချိန် - (၃၀.၁၀.၂၀၂၃)

(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -

ကျေးရွာသူ/သားများ လုပ်အားပေးရန်အတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာအတွင်းအသံချဲ့စက်ဖြင့်လည်းကောင်း၊ သက်ဆိုင်ရာ ရာအိမ်မှူးများ၊ ဆယ်အိမ်မှူးများမှ အပိုင်းလိုက် နှိုးဆော်၍လည်းကောင်း ဆောင်ရွက်သွားပါမည်ဖြစ်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ရပ်မိရပ်ဖများနှင့်ရွာသူရွာသားများ ပူးပေါင်း၍ လုပ်ငန်းများအချိန်မီပြီးစီးရေး၊ အရည်အသွေးပြည့်မှီရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

လုပ်ငန်းပြီးစီးပါက ကျေးရွာရေပေးရေးကော်မတီဖွဲ့စည်း၍ လုပ်ငန်းအား စနစ်တကျ လွှဲပြောင်းပေးသွားမည်ဖြစ်ပါသည်။လုပ်ငန်းရေရှည်တည်တံ့ရေးအတွက် ရေမီတာခွန်များ ကောက်ခံ၍ ရေကော်မတီဝင်များနှင့်အတူ ကျေးရွာသူ/သားတို့ ပူးပေါင်း၍ ပြုပြင်ထိန်းသိမ်းခြင်းစနစ်ဖြင့် အသုံးပြုသွားမည် ဖြစ်ပါသည်။

နောက်ဆက်တွဲ (၁)

တောင်ခြေကျေးရွာ၊ ကျောက်တိုင်ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁။	ဦးကိုးမောင်	ဦးဖြူ	၁၃/ညရန(နိုင်)၀၃၃၅၀၆	၅၂	ဥက္ကဋ္ဌ	၀၉ - ၄၄၅၉၇၃၀၄၉
၂။	ဦးစော	ဦးသိန်းမောင်	၁၃/ညရန(နိုင်)၁၀၉၉၄၁	၃၈	ဘဏ္ဍာရေးမှူး	၀၉ - ၄၅၃၂၉၈၈၂၀
၃။	ဦး၀င်းကို	ဦးကျော်	-	၃၄	အတွင်းရေးမှူး	၀၉ - ၈၈၁၂၁၁၅၉
၄။	ဒေါ်ယမင်းသူ	ဦးလှ	၁၃/ညရန(နိုင်)၁၆၃၉၂၅	၂၁	စာရင်းကိုင်	၀၉ - ၂၆၉၉၇၅၁၀၂
၅။	ဦးစိုင်းအောင်သန်း	ဦးလွန်း	၁၃/ညရန(နိုင်)၀၉၀၈၉၆	၄၃	အဖွဲ့၀င်(၁)	၀၉ - ၂၅၈၂၅၃၉၈၃
၆။	ဦးမောင်ခွန်	ဦးစော	၁၃/ညရန(နိုင်)၁၀၉၉၄၁	၂၁	အဖွဲ့၀င်(၂)	၀၉ - ၈၈၉၂၃၃၃၈၂
၇။	ဒေါ်ရွှေသီး	ဦးကြည်	၁၃/ညရန(နိုင်)၁၀၉၆၃၃၉	၃၃	အဖွဲ့၀င်(၃)	၀၉-၂၅၀၇၉၈၇၅၃၂
၈။	ဒေါ်အေးစိန်	ဦးသန်းမောင်	၁၃/ညရန(နိုင်)၁၁၂၇၄၈	၂၉	အဖွဲ့၀င်(၄)	၀၉-၄၅၃၈၇၀၆၉၁၀
၉။	ဒေါ်အေးမြင့်	ဦးဒီး	၁၃/ညရန(နိုင်)၁၄၉၆၆၂	၂၃	အဖွဲ့၀င်(၅)	၀၉-၄၄၇၀၁၉၄၄၀

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(ခ) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (ခ) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	၉	၅	၁၄	-	-
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၁၆	၁၂	၂၈	၁	-
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၁၆	၂၆	၄၂	-	-
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၁၉	၁၃	၃၂	-	-
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၂၀၅	၁၉၇	၄၀၂	-	-
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၄	၈	၁၂	-	-
စုစုပေါင်း		၂၆၆	၂၆၄	၅၃၀	၁	-
စုစုပေါင်း အိမ်ထောင်စု		၁၁၄				

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ကျောင်းနေအရွယ်ကလေးသည် အသင့်အတင့်ရှိပြီး အလုပ်လုပ်နိုင်သည့် အရွယ်အများအပြားရှိသဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် ပူးပေါင်းပါဝင်မှုအားကောင်းကြပါသည်။ ကျေးရွာတွင် ပအိုဝ်;လူမျိုးများသာနေထိုင်၍ ဗုဒ္ဓဘာသာကို ကိုးကွယ်ယုံကြည်ကြပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှနံရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	လယ်ယာစိုက်ပျိုးရေး							
	ကိုယ်ပိုင်လုပ်ငန်း	၁၂၇	၃၉၃	၁၈	၁၆	၃၁	၈	မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၂	**တိရစ္ဆာန် မွေးမြူရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား							မြင့် ☐ လတ်☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	/ ဝန်ထမ်း							နိမ့် ☐
၉	ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၀	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၁	လက်လီ- လက်ကား ရောင်းဝယ်ရေး							
	ကိုယ်ပိုင် လုပ်ငန်း	၁	၂					မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၂	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၃	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၄	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၅	အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား							မြင့် ☐ လတ်☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	/ ဝန်ထမ်း							နိမ့် ☐
၁၆	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၇	ပညာရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၈	ကျန်းမာရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၉	လူမှုရေး လုပ်ငန်းများ							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၂၀	အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ							
	ကိုယ်ပိုင် လုပ်ငန်း							☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၁	၁	၁		၁		
၂၁	ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
	စုစုပေါင်း	၁၂၉	၃၉၆	၁၉	၁၆	၃၂	၈	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။။“**အခြားဝင်ငွေရလုပ်ငန်းအဖြစ်**
လုပ်ကိုင်သူများ”အရေအတွက်တွင်**“မိသားစုဝင်လုပ်အား”ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **“ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)”** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ - **“စိုက်ပျိုးရေး”** ကဏ္ဍ၏ **“ကိုယ်ပိုင်လုပ်ငန်း”**တွင်ရပ်တည်နိုင်မှု **“မြင့်”** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာအနီးပတ်ဝန်းကျင်တွင် စိုက်ပျိုးမြေများအသင့်အတင့်ရှိသဖြင့် စိုက်ပျိုးရေးလုပ်ငန်းကိုသာအဓိကအသက်မွေးဝမ်းကျောင်းပြုကြပြီး အခြားဝင်ငွေရလုပ်ငန်း လုပ်ကိုင်ရန် အခွင့်အလမ်းရှားပါးသဖြင့် အခြားဝင်ငွေရလုပ်ငန်းလုပ်ကိုင်သူများ မရှိပါ။

(ခ-၂) လုပ်ငန်းနှင့်ကျား၊ မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၇၀၀၀	၈၀၀၀	၆၀၀၀	၅၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	-	-	-	-
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား	-	-	-	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	-	-	-	-
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	-	-	-	-
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	-	-	-	-
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	-	-	-	-
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား	-	-	-	-

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသော အလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။ ။တောင်ခြေကျေးရွာတွင် လုပ်သားများငှါးရမ်းရာ၌ ကျား-မ လုပ်အားခရရှိမှုသည် အနည်းငယ်ကွာဟမှုရှိပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)		
လယ်မြေ	၈၈.၅	ကောင်း ☐	သင့် ☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၃၁၀.၅	ကောင်း ☐	သင့် ☑	ညံ့ ☐

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)		
ဥယျာဉ်ခြံမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ဓနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ်မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၃၉၉	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် လယ်မြေ(၈၈.၅)ဧကနှင့် ယာမြေ(၃၁၀.၅)ဧက စုစုပေါင်း ကျေးရွာပိုင် စိုက်ပျိုးမြေဧက(၃၉၉)ဧက ရှိပါသည်။ စိုက်ပျိုးမြေ၏မြေဆီဩဇာသည် အသင့်အတင့်ကောင်းပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ကျောက်မျက်စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ ☐ သင့်☐ နည်း ☑ မရှိ ☐	လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်☐ နည်း ☑ မရှိ ☐	လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ☑ မရှိ ☐	☒	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ - မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)	များ ☐ သင့်☑ နည်း ☐ မရှိ ☐	လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း)	များ ☐ သင့်☐ နည်း ☑ မရှိ ☐	လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☑ အပြောင်းအလဲမရှိ ☐
သစ်တော - အပူပိုင်းသစ်တော	များ ☐ သင့်☐ နည်း ☑ မရှိ ☐	လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော - ဒီရေတောများ	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ဓါတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များအနေဖြင့် မြေပေါ်ရေအများဆုံး တွေ့ရှိရပြီး ကျေးရွာပတ်ဝန်းကျင်တွင် သဘာဝအပင်မျိုးစိတ်များ၊ မြေအောက်ရေး၊ ကျေးရွာပိုင်သစ်တောစသည် တို့ကိုလည်း အနည်းငယ်တွေ့ရှိရသော်လည်း အသုံးချရခက်ခဲပါသည်။ အခြားသဘာဝရင်းမြစ်များ ရှာဖွေတွေ့ရှိခြင်း မရှိပါ။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသော အိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေးလုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၂၁	၂၇	၈၀	၁

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းမှအပ အခြားဝင်ငွေရလုပ်ငန်းလုပ်ကိုင်ရန် အခွင့်အလမ်းရှားပါးသဖြင့် ကျေးရွာရှိ အိမ်ထောင်စုများအား ဥစ္စာဓနအဆင့်သတ်မှတ်ရာတွင် အများစုသည် မပြေလည်သော အိမ်ထောင်စုများဖြစ်ကြပြီး အဆင်ပြေသောအိမ်ထောင်စုနှင့် အလယ်အလတ်ရှိသောအိမ်ထောင်စုများ အသင့်အတင့် ရှိကြောင်း တွေ့ရှိရသဖြင့် ဥစ္စာဓနအဆင့်အတင့်အသင့်ရှိသောကျေးရွာ ဖြစ်ပါသည်။

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက်ဝမ်းစာဖူလုံမှု	၁၀	၄	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၃ ချေးယူ = ၇ လုပ်အားခကြိုယူ = ၀
၃လနှင့်၆လကြားဝမ်းစာဖူလုံမှု	၉	၃	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၄ ချေးယူ = ၅ လုပ်အားခကြိုယူ = ၆
၆လမှ၁၂လအထိဝမ်းစာဖူလုံမှု	၅	၁	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၁ ချေးယူ = ၄ လုပ်အားခကြိုယူ = ၀

ရင်းမြစ်..ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ဥစ္စာဓနအဆင့်(၃)နှင့်(၄)အိမ်ထောင်စု(၃၀%)၏ ဝမ်းစာဖူလုံမှုနှင့် အကြွေးတင်မှုစစ်တမ်းကောက်ယူမှုအခြေအနေအား လေ့လာခဲ့ရာ(၃)လအောက် အိမ်ထောင်စု(၁၀)စုရှိပြီး (၃)လနှင့်(၁၂)လကြား အိမ်ထောင်စု(၁၄)စုရှိပါသည်။ အများစုသည် ချေးယူ၍ အခက်အခဲများ ဖြေရှင်းကြကြောင်း တွေ့ရှိရပါသည်။

(၄-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို ၆၄နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့်ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု	-		
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု	-		
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု	-		

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ မရှိကြောင်း တွေ့ရှိရပါသည်။

(၄-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	မြစ်ရေကြီးမှု	✓			✓		
၂	လျှပ်တပြတ်ရေကြီးခြင်း	✓			✓		
၃	မုန်တိုင်းဒီရေ						
၄	ဆူနာမီ						
၅	တိုင်ဖုန်းမုန်တိုင်း						
၆	လေဆင်နာမောင်း						
၇	ငလျင်						
၈	အပူလှိုင်း	✓			✓		
၉	စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု						
၁၀	အအေးလှိုင်း						
၁၁	မိုးသီးကြွေကျမှု						
၁၂	မိုးခေါင်ခြင်း		✓			✓	
၁၃	တောမီးလောင်ခြင်း		✓		✓		
၁၄	မြစ်ကမ်းပါးပြိုခြင်း						

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
၁၅	ကမ်းရိုးတန်းတိုက်စားမှု						
၁၆	မြေပြိုခြင်း						
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၇	စားနပ်ရိက္ခာမဖူလုံမှု						
၁၈	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ ရေ)	✓				✓	
၁၉	မြေပြိုခြင်း၊ မြေဆီလွှာပျက်စီးခြင်း						
၂၀	သစ်တောပြုန်းတီးခြင်း	✓				✓	
၂၁	ငှက်ဖျားရောဂါ	✓				✓	
၂၂	တီဘီရောဂါ						
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ						
၂၄	ကပ်ရောဂါ						
၂၅	ပြည်တွင်းပဋိပက္ခ	✓				✓	
၂၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု						
၂၇	လူကုန်ကူးခြင်း						
၂၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည်						

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။
မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊မိုးခေါင်ခြင်း စသည့် အခြေအနေများဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။ အိမ်ထောင်စု၁၀၀တွင် ၂၅အိမ်ထောင်စုအောက် – နိမ့်
အိမ်ထောင်စု၁၀၀တွင် ၂၅မှ၅၀အိမ်ထောင်စု – လတ်၊ အိမ်ထောင်စု၁၀၀တွင် ၅၀အိမ်ထောင်စုအထက် – မြင့်)
လေ့လာတွေ့ရှိချက်။ ။တောင်ခြေကျေးရွာတွင် အချို့ထိခိုက်သက်ရောက်မှုများ အနည်းငယ်ဖြစ်ပွားမှုကြုံတွေ့ရသော်လည် ဘေးအန္တရာယ်လျော့ချရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ စွမ်းဆောင်မှုအားကောင်းသဖြင့် ဘေးအန္တရာယ်ကြုံတွေ့မှုနည်းပါသည်။

(c-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်	✓				✓	
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု	✓			✓		
၃	ဆင်းရဲသားတောင်သူ	✓			✓		
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်						

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
	နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ						
၅	ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ						
၆	မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ						
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP)						
၈	မြေနိမ့်ပိုင်းနေထိုင်သူများ						
၉	ငါးကန်ပိုင်ရှင်များ						
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ	✓			✓		
၁၁	လူနည်းစုလူမျိုးများ						
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ						
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ						
၁၄	ရွှေတွင်းလုပ်သားများ						
၁၅	လှည့်လည်သွားလာ၍စျေးရောင်းသူများ	✓			✓		
၁၆	နေရပ်ပြန်အခြေချသူများ						
၁၇	ရွှေ့ပြောင်းလုပ်သားများ						
၁၈	ကားမောင်းပြီးအသက်မွေးသူများ						

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။ ။ကျေးရွာရှိလူငယ်များ၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများစသည်တို့သည် မည်သို့သော အခြေအနေများတွင် လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါကမည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ဘေးအန္တရာယ်များကြုံတွေ့လာပါက ကျေးရွာရှိလူငယ်များသည် ထိခိုက်သက်ရောက်မှု အများဆုံးခံရပြီး လက်လုပ်လက်စားများ၊ လှည့်လည်သွားလာ၍ စျေးရောင်းသူများ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများနှင့် ဆင်းရဲသောတောင်သူများသည် ထိခိုက်သက်ရောက်မှုအား အနည်းငယ်ခံရသည့် အုပ်စုများ ဖြစ်ပါသည်။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	ဘုန်းကြီးကျောင်းကော်မတီ	၁□၂□၃☑	၁	၀	၁	ပညာရေး□ ငွေကြေး□ ကျန်းမာရေး□ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း☑ သင့်□ ညံ့□
၂	ရပ်မိရပ်ဖ	၁□၂☑၃□	၁၀		၁၀	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း□ သင့်☑ ညံ့□
၃	လူငယ်အဖွဲ့	၁□၂☑၃□	၃၇	၃၅	၇၂	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း□ သင့်☑ ညံ့□
၄	စာသင်ကျောင်းကော်မတီ	၁□၂☑၃□	၄		၄	ပညာရေး☑ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်☑ ညံ့□
၅	ရေပေးရေးကော်မတီ	၁□၂☑၃□	၅	၄	၉	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်☑ ညံ့□
၆		၁□၂□၃□				ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□
၇		၁□၂□၃□				ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်း ကော်မတီ/အဖွဲ့(၅)ဖွဲ့ရှိပါသည်။ ပညာရေး၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၊ သာရေး/ နာရေး၊ ကျေးရွာလုံခြုံရေးလုပ်ငန်းများတွင် ကျေးရွာတွင်းအဖွဲ့များမှ ကော်မတီများမှ ဦးဆောင်၍ ဆောင်ရွက်ကြပြီး ၎င်းတို့၏လုပ်ငန်းတာဝန်များကို စွမ်းဆောင်နိုင်မှုအားကောင်းသည့်အပြင် စည်းလုံးညီညွတ်မှုရှိကြပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့် အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	ဂျပန်စိုက်ပျိုးရေးစင်တာ	၁☐၂☐၃☐၄☑၅☐၆☐၇☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑
၂	-	၁☐၂☐၃☐၄☐၅☐၆☐၇☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐
၃	-	၁☐၂☐၃☐၄☐၅☐၆☐၇☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐
၄	-	၁☐၂☐၃☐၄☐၅☐၆☐၇☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐
၅	-	၁☐၂☐၃☐၄☐၅☐၆☐၇☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐
၆	-	၁☐၂☐၃☐၄☐၅☐၆☐၇☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ –ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှဒေသအကျိုးပြည်သူ့အကျိုးကိုထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာဥပဒေ၊နည်းဥပဒေ၊လမ်းညွှန်ချက်များဖြင့်ပြဋ္ဌာန်းကာဖွဲ့စည်းပေးထားနေသောအဖွဲ့အစည်း၊အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏မြစိမ်းရောင်စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်းမပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပေးသည့် ကျေးရွာပြင်ပအဖွဲ့အစည်းသော ဂျပန်စိုက်ပျိုးရေးစင်တာအဖွဲ့(၁)ခုတည်းသာ စိုက်ပျိုးရေးလုပ်ငန်းအတွက် ချေးငွေများ ဝင်ရောက်ဆောင်ရွက်ပေးလျက်ရှိသဖြင့် ကျေးရွာပြင်ပအဖွဲ့အစည်းနှင့် ချိတ်ဆက်လက်လှမ်းမီမှုအားနည်းလျက် ရှိပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှုအရွယ်အစား (မြေပိုင်ဆိုင်သည့်အိမ်ထောင်စုများ)

ဇယား (၁၃) စိုက်ပျိုးမြေပိုင်ဆိုင်မှု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၁		မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၆၁	၈	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား	၃၉	၁၀	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား	၂၈	၁	တောင်သူလတ်
၅	၁၂.၅ဧကအထက်			တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုပေါင်း		၁၂၉	၁၉	☒

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကအသက်မွေးဝမ်းကျောင်းပြုကြသဖြင့် အိမ်ထောင်စု(၁၂၈)စုသည် စိုက်ပျိုးမြေယာအသီးသီးပိုင်ဆိုင်ကြပြီး အိမ်ထောင်စု(၁)စုသည် မြေယာမဲ့ ဖြစ်ပါသည်။ ကျေးရွာရှိစိုက်ပျိုးမြေနှင့် အိမ်ထောင်စုသည် မျှတမှုရှိကြောင်း တွေ့ရှိရပါသည်။

(၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး□ရာ	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာ တစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ် ခုကိုသာရွေးရန်)
			သီအလိုက်□ မဖြေဆိုပါ□		အပြောင်းအလဲမရှိ□
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး□ရာ သီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ □	လျော့□တိုး□ အပြောင်းအလဲမရှိ□
၃	မြစ်ရေတင် စီမံကိန်း		တစ်နှစ်ပတ်လုံး□ရာ သီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ □	လျော့□တိုး□ အပြောင်းအလဲမရှိ□
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး□ရာ သီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ □	လျော့□တိုး□ အပြောင်းအလဲမရှိ□
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး□ရာ သီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ □	လျော့□တိုး□ အပြောင်းအလဲမရှိ□
၆	လက်ငင်း ရေတွင်း		တစ်နှစ်ပတ်လုံး□ရာ သီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ □	လျော့□တိုး□ အပြောင်းအလဲမရှိ□
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး□ရာ သီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ □	လျော့□တိုး□ အပြောင်းအလဲမရှိ□
၈	ချောင်းရေ	၈၈.၅	တစ်နှစ်ပတ်လုံး☑ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ☑မဖြေဆိုပါ □	လျော့☑တိုး□ အပြောင်းအလဲမရှိ□

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။
လေ့လာတွေ့ရှိချက်။ ။တောင်ခြေကျေးရွာတွင် လယ်မြေကို ချောင်းရေဖြင့် ရေသွင်းစိုက်ပျိုးကြပြီး ချောင်းရေသည် လွန်ခဲ့သော(၁၀)နှစ်နှင့်နှိုင်းယှဉ်ပါက လျော့နည်းလာသဖြင့် စိုက်ပျိုးရေးလုံလောက်မှု မရှိပါ။

(၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ဧက	တစ်ဧကအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ			
စပါး	၃၀	တင်း	၁၅၀	၂၀၀	၁၈၀	ဇူလိုင်	နိုဝင်ဘာ	မြင့်□လတ်□နိမ့်☑	မြင့်□လတ်☑ နိမ့်□	မြင့်□လတ်☑ နိမ့်□

သီးနှံ	စုစုပေါင်းစိုက်ဧက	တစ်ဧကအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ			
ပြောင်း	၁၀၀	ဝိဿာ	၉၀၀	၁၃၀၀	၁၀၀၀	ဇွန်	ဒီဇင်ဘာ	မြင့်☑လတ်☐နိမ့်☐	မြင့်☐လတ်☑နိမ့်☐	မြင့်☐လတ်☐နိမ့်☑
သနပ်ဖက်	၂၃၇	ဝိဿာ	၄၀၀	၅၂၀	၅၀၀	ဇွန်	နိုဝင်ဘာ	မြင့်☑လတ်☐နိမ့်☐	မြင့်☐လတ်☑နိမ့်☐	မြင့်☐လတ်☑နိမ့်☐
ကြက်သွန်ဖြူ	၆၀	ဝိဿာ	၄၅၀	၆၀၀	၅၀၀	ဧန်	မတ်	မြင့်☐လတ်☐နိမ့်☑	မြင့်☐လတ်☑နိမ့်☐	မြင့်☐လတ်☑နိမ့်☐
								မြင့်☐လတ်☐နိမ့်☐	မြင့်☐လတ်☐နိမ့်☐	မြင့်☐လတ်☐နိမ့်☐
								မြင့်☐လတ်☐နိမ့်☐	မြင့်☐လတ်☐နိမ့်☐	မြင့်☐လတ်☐နိမ့်☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် သနပ်ဖက်အများဆုံးစိုက်ပျိုးလျက်ရှိပြီး ပြောင်း၊ စပါး၊ ကြက်သွန်ဖြူတို့ကိုလည်း စိုက်ပျိုးကြပါသည်။ သီးနှံများသည် အထွက်နှုန်းအသင့်အတင့် ကောင်းမွန်လျက်ရှိပြီး အမြတ်အသင့်အတင့်ရရှိကြောင်း တွေ့ရှိရပါသည်။

(၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်
ထွန်စက်	၂	-	-	-
လက်တွန်းထွန်စက်	၂၀	-	-	၁၀၅
အစေ့ချကိရိယာ	-	-	-	-
ရိတ်သိမ်းခြွေလှေ့စက်	၂	-	-	၃၆
ရိတ်သိမ်းစက်	-	-	-	-
ခြွေလှေ့စက်	-	-	-	-
ရေစုပ်စက်	၁၉	-	-	-
ခြေနင်းရေတင်စက်	-	-	-	-
မြက်ရိတ်စက်	၃	-	-	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။တောင်ခြေကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကိုသာ လုပ်ကိုင်ကြသဖြင့် စိုက်ပျိုးရေးသုံးခေတ်မီစက်ကိရိယာများ အသင့်အတင့်ပိုင်ဆိုင်ကြောင်း တွေ့ရှိရပါသည်။

(၅) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	အလွန်ကောင်း□ကောင်း□သင့်တင့်မျှတ☑မဖြေဆိုပါ□
လယ်ယာမြေအသုံးချနိုင်မှု	အလွန်ကောင်း□ကောင်း☑သင့်တင့်မျှတ□မဖြေဆိုပါ□
စိုက်ပျိုးရေအရင်းအမြစ်	ပေါများ□အသင့်အတင့်ရှိ☑မဖြေဆိုပါ□
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည်□ ရသည်☑ မဖြေဆိုပါ□
သီးနှံမျိုးစေ့ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်☑ သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည်☑ မဖြေဆိုပါ□
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☑ ဝယ်ယူရနိုင်သည်□ မဖြေဆိုပါ□
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☑ ဝယ်ယူရနိုင်သည်□ မဖြေဆိုပါ□
လုပ်သားရရှိနိုင်မှု	အလွယ်တကူရနိုင်သည်□ ရနိုင်သည်☑ မဖြေဆိုပါ□
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	အလွယ်တကူရနိုင်သည်□ ရနိုင်သည်□ မဖြေဆိုပါ☑
သီးနှံစျေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်□ သီးနှံများကိုရောင်းချနိုင်သည်☑ မဖြေဆိုပါ□
ရာသီဥတုအခြေအနေပြောင်းလဲမှု (အပူချိန်၊ မိုးရေချိန်)	ထိခိုက်သည်☑ မထိခိုက်ပါ □ မဖြေဆိုပါ□

ရင်းမြစ် … (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။တောင်ခြေကျေးရွာတွင် စိုက်ပျိုးရေးအတွက် ချေးငွေများရရှိနိုင်ပြီး စိုက်ပျိုးမြေများသည် မြေဆီဩဇာအသင့်အတင့်ကောင်းမွန်သဖြင့် သီးနှံအထွက်နှုန်းတိုးတက်ရန် အခွင့်အလမ်းများ ဖြစ်ပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်အခက်အခဲများ

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	မြေဆီဩဇာမကောင်း□ ရာသီဥတုမမှန်□ မဖြေဆိုပါ☑
လယ်ယာမြေအသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ□လယ်ယာမြေဆုံးရှုံးမှုများသည်□ လယ်ယာမြေဆုံးရှုံးမှုအသင့်အတင့်ရှိသည်□ ပလပ်မြေများရှိသည်□ ပလပ်မြေအသင့်အတင့်ရှိသည်□ မဖြေဆိုပါ☑
စိုက်ပျိုးရေအရင်းအမြစ်	အလွယ်တကူမရနိုင်☑ လုံးဝမရ□ မဖြေဆိုပါ□
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင်☑ လုံးဝမရ□ မဖြေဆိုပါ□
သီးနှံမျိုးစေ့ရရှိနိုင်မှု	အလွယ်တကူမရနိုင်☑လုံးဝမရ□မဖြေဆိုပါ□
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်	အလွယ်တကူမရနိုင်□လုံးဝမရ□မဖြေဆိုပါ☑

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
အခြားအော်ဂဲနစ်သွင်းအားစုများ	
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ	အလွယ်တကူမရနိုင်☐ လုံးဝမရ☐မဖြေဆိုပါ☑
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင်☑လုံးဝမရ☐မဖြေဆိုပါ☐
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	အလွယ်တကူမရနိုင်☐ လုံးဝမရ☑ မဖြေဆိုပါ☐
သီးနှံစွေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့်မရောင်းချနိုင်ပါ☐ သီးနှံများကိုရောင်းချရန်စျေးကွက်မရှိပါ☐မဖြေဆိုပါ☑
ဖျက်ပိုးနှင့်ရောဂါကျရောက်မှု	ဆိုးရွားစွာကျ☐အသင့်အတင့်ကျ☐အနည်းငယ်☑မဖြေဆိုပါ☐
ရာသီဥတုဒဏ်ခံနိုင်သည့်သီးနှံများနှင့်ပတ်သက်သောသတင်းအချက်အလက်လက်လှမ်းမီမှု	အလွယ်တကူမရနိုင်☐လုံးဝမရ☐မဖြေဆိုပါ☑
ရာသီအလိုက်ရာသီဥတုခန့်မှန်းချက်များနှင့်သီးနှံစီမံခန့်ခွဲမှုဆိုင်ရာအကြံဉာဏ်များလက်လှမ်းမီမှု	အလွယ်တကူမရနိုင်☑ လုံးဝမရ☐မဖြေဆိုပါ☑

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

